အောင်မြင်စာပေ

# မြပုလဲခင်

သူနဲ့လူ



# အပိုင်း(၁)

**တစ်ခါတရံမှာ အချစ်ရဲ့ လှည့်စားခြင်းကို လူတွေက ခံရတတ်ပြီး…**

**တစ်ခါတလေမှာ တော့ လူတွေရဲ့ လှည့်စားခြင်းကို အချစ်က ခံလိုက်ရပါတယ်။**

## အခန်း(၁)

Too miserable to cry တဲ့ တိုး။

'ကျစရာ မျက်ရည်စတွေ မရှိလောက်အောင် ကြေကွဲခြင်း'ဆိုတဲ့ ခံစားချက်က ပြုံးရဲ့ လက်တွေ့ဘဝနဲ့ ထင်ဟပ်နေပါတယ်။

တိုး သိအောင် ဘယ်လို ပြောရမလဲ။ ပြောလည်း မပြောပြတတ်တော့ဘူး။ ဒါကြောင့် တဒင်္ဂတော့ အိပ်ချ် (H) ရောဂါထက် ဆိုးရွားလွန်းတဲ့ ကုရာနတ္ထိ ဆေးဝါးမရှိတဲ့ နှလုံးသားက အချစ်ကင်ဆာ ရောဂါဆိုးကို နှိမ်နင်းဖို့ အတွက် တိုးနဲ့ ဝေးရာကို ပြေးထွက်ခဲ့ခြင်းပါ။

ဩော်… ကြည့်ပါဦး တိုးရယ်။ အချစ်ကံဆိုးမ သွားရာကို ဝေဒနာ ကြွေစေမယ့် မိုးတွေက သည်းသည်းမည်းမည်း ရွာသွန်းလို့ ။

ကောင်းကင် မိုးသားတွေကလည်း မည်းမှောင် အုံ့ဆိုင်းလို့ ။ ညို့မှိုင်းနေတဲ့ တောင်တန်း ကုန်းမြင့်ထက်ဆီက တောင်ကျရေတွေကလည်း တသွင်သွင် စီးလျှက်ကို လျှပ်ပန်း လျှပ်နွယ်၏ ဆလိုက်ထိုးပေးမှု အောက်မှာ လှမ်းမြင်လိုက်ရတယ်။

ထို့အတူပါပဲ။ ပြုံးရဲ့ ပါးမို့ လွင်ပြင်ထက်က တဖြိုင်ဖြိုင် ရွာသွန်းနေသော ဝေဒနာ မျက်ရည်မိုးပေါက်တွေကို ဟန့်တား၍ မနိုင်အောင် စီးပြန့်လျှက်ပါ တိုးရယ်။

'တောင်ပေါ်သား Express'ကားကလည်း ပြုံးကို တိုးနဲ့ ဝေးရာသို့ တရွေ့ရွေ့ သယ်ဆောင်သွားနေပြီ။

ဒါပေမဲ့ တိုးရယ်။ နှလုံးသား ခံစားချက်ဟာ အနီးအဝေးနဲ့ လည်း ပတ်သက်မှု မရှိပါလားကွယ်။

တိုးနဲ့ အဝေးဆုံးကို ပြေးထွက်လေလေ တိုးဟာ ပြုံးရဲ့ နှလုံးသားထဲကို ပိုမို စီးနစ်တိုးဝင်လေလေပါပဲ ဆိုတာ…။

*****

အဖော်မဲ့ ခရီးသည် လှပြုံးရှင်သည် နှလုံးသား ဒဏ်ရာကုစားရန် က

လောမြို့လေးဆီသို့ ခရီးထွက်လာခဲ့ခြင်း ဖြစ်သည် ။

ကလောမြို့၌ ဘီအီးဒီ(ပညာရေးတက္ကသိုလ်) တက်စဉ်က အခန်းဖော် သူငယ်ချင်း ဖြစ်သော ချယ်ရီထံသို့ ဝေဒနာ ပုန်းရှောင်ရန် ခရီးထွက်ခဲ့ခြင်း ဖြစ်လေသည် ။

တစ်ညလုံး တာဝန်ကျေပွန်ခဲ့သည့် တောင်ပေါ်သား Express ကားသည် တောင်ပေါ်သို့ အားကြိုးမာန်တက်နှင့် စတင်တက်လေပြီ။ ကားမီးရောင်အောက်မှ အိပ်မောကျနေသော တောင်ပေါ်ရွာကို လှမ်းမြင်လိုက်ရသည် ။

မိုးသည်းသည်းဆိုတော့ ဘယ်သူမဆို မိုးအေးအေးမှာ နွေးနွေးထွေးထွေးနှင့် ကွေးနေချင်ကြမည်ပင်။ သို့သော် ဈေးဖွင့်ရန်သွားလာ လှုပ်ရှားနေသော ဈေးသည် နှင့် ခရီးသွား အချို့ကို အရဏ်ဦး၏ မှုန်ပျပျ အလင်းရောင်အောက်တွင် ကြိုကြားကြိုကြား တွေ့မြင်လိုက်ရသည် ။

ထိုစဉ်...

'ကလော ဆင်းမယ့် ခရီးသည် များ အသင့်ပြင်ဆင်ထားပါခင်ဗျာ၊ မကြာခင် ကလောမြို့ကို ရောက်ပါတော့မယ် ခင်ဗျာ'

လှပြုံးရှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည် ။

'လမ်းဆုံ ဆင်းမယ့် အစ်မလည်း အသင့်ပြင်ထားပါ ခင်ဗျာ'

လှပြုံးရှင်အတွက် ယူစရာပစ္စည်းက များများ စားစားမဟုတ်။ မိမိခေါင်းပေါ်ရှိ ပစ္စည်းတင်စင်၌ တင်ထားသော ခရီးဆောင် လက်ဆွဲအိတ်တစ်လုံးနှင့် ခြေထောက်ချနေရာ၌ ချထားသော ပလပ်စတစ်ခြင်းတောင်း ခပ်လတ်လတ် တစ်လုံး။ ဒါပဲ ဖြစ်သည် ။

လှပြုံးရှင်က ထရပ်ပြီး အိတ်စင်မှ အိတ်ကို ယူဟန် ပြင်စဉ် စပယ်ယာက-

'နေ နေ အစ်မ၊ ကားက ကွေ့နေတယ်၊ လဲသွားမယ်၊ ရပ်မှ ကျွန်တော် လာယူပေးမယ်'

လှပြုံးရှင် ပြန်ထိုင်ကာ အပြုံးနှင့်သာ ကျေးဇူးတင်ကြောင်း တုံ့ပြန်လိုက်ရသည် ။

ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်တဲ့ လူချင်းကတော့ အတူတူပါပဲ။ ဒါပေမဲ့ အသက်ရှူချင်းကတော့ ကွဲပြားကြသည် ဆိုသကဲ့သို့ စပယ်ယာချင်း အတူတူမှာ ပင် ချိုသာ ယဉ်ကျေးသော စပယ်ယာက ရှိသကဲ့သို့ ရိုင်းစိုင်း စိတ်တိုသော စပယ်ယာမျိုးလည်း ရှိသည် ပင်။

စိတ်နှလုံး မချမ်းမြေ့မှုနှင့် တစ်ကိုယ်တော် ခရီးထွက်လာရသော လှပြုံးရှင်အတွက် ဒါ ပထမဦးဆုံးအပြုံး ဖြစ်ပေသည် ။

မကြာမီ...

ကားသည် အရှိန်လျှော့ကာ လမ်းဘေးဘက်သို့ အသာဘီးလိမ့်ကာ ထိုးရပ်လိုက်သည် ။

'လမ်းဆုံရောက်ပါပြီ'

ရှေ့နား အလယ်ကြားခုံ(၃)ခုံမှ ခရီးသည် တို့ က ရပ်ကာ ခုံခေါက်ပေးသည် ။ စပယ်ယာက ရောက် လာပြီး လှပြုံးရှင်၏ အိတ်နှင့် ခြင်းတောင်းကို သယ်ယူပေးလိုက်သည် ။

လှပြုံးရှင်က ဆင်းနှင့်ပြီး အောက်မှ ဆီးကြိုယူလိုက်သည် ။

'ကျေးဇူးပါပဲကွယ်'

‘ရပါတယ် အစ်မ၊ ကြိုမယ့်လူကော ရှိရဲ့ လား’

‘မရှိဘူး၊ လိပ်စာအတိုင်း သွားရမှာ ’

‘ဒီလိုဆို အဲဒီ လက်ဖက်ရည်ဆိုင်မှာ ပဲ စောင့်နေပါ၊ လင်းလာမှ မြင်းလှည်း ဆိုင်ကယ် ကယ်ရီတွေနဲ့ သွားလို့ ရပါတယ်’

‘ကောင်းပါပြီ၊ မင်း ပြောတဲ့ အတိုင်း လုပ်လိုက်မယ်၊ ကျေးဇူးပဲ’

ဆရာမ လေသံ မပျောက်ချင်သော လှပြုံးရှင်က စပယ်ယာ၏ အသက်အရွယ်ကို ခန့်မှန်းမနေဘဲ မြင်မြင်သမျှကို ကိုယ့်တပည့်ဟု သာ သဘောထား လိုက်လေတော့သည် ။

ထို့နောက် စပယ်ယာ ညွှန်ပြသော ခပ်လှမ်းလှမ်းရှိ လက်ဖက်ရည်ဆိုင်သို့ လှမ်းကြည့်လိုက်သည် ။

ထီးတစ်ဖက်၊ ခြင်းတောင်းတစ်ဖက်နှင့် ခရီးဆောင်အိတ်ကို လွယ်ကာ လူခပ်ပါးပါး ရှိနေသော ထိုလက်ဖက်ရည်ဆိုင်သို့ ဦးတည်လိုက်ရလေသည် ။

*****

မိုးလင်းလာသောအခါ၌ ကြွင်းကျန်ရစ်သော မိုးစက်များကို ဖောက်ထွင်း၍ ရောင်နီက ကောင်းကောင်း ပျို့တက်လာသည် ။

လက်ဖက်ရည်ဆိုင်ထဲ တစ်နာရီနီးပါး အချိန်ဖြုန်းရင်း စျေးပို့ လာ

သော မြင်းလှည်း၊ ဈေးဝယ်လာသော မြင်းလှည်းများကို တွေ့မြင်လိုက်ရသည် ။

ထို့နောက် မြင်းခပ်ထွားထွား လှည်းတစ်စီးကို တားလိုက်သည် ။ ချယ်ရီနေသော ရပ်ကွက်အမည်ကို ရွတ်ပြလိုက်သည် ။

လှပြုံးရှင်၏ စိတ်ထားကိုက နယ်ဘက်သွား၍ လှည်းစီးစရာ ကိစ္စကြုံ၍ လှည်းစီးတာတောင် နွားပိန်ပိန်၊ မြင်းပိန်ပိန်များက မိမိဝန်ကို ထမ်းပိုးရမည်ကို သနားသဖြင့် နွားဝဝ မြင်းထွားထွားများ ပါသော လှည်းကိုသာ ရွေးချယ်စီးလေ့ ရှိသည် ။

ဈေးမဆစ်။ ပြောသည့်ဈေးကလည်း များများ စားစား မဟုတ်။ 'ခင်ဗျ' 'ရှင်'ဟု ရိုးသားယဉ်ကျေးဖော်ရွေစွာ ပြောတတ်သော ဤဒေသသူ ဒေသသားများကို လှပြုံးရှင် ကျေနပ် သဘောကျမိလေသည် ။

'ချယ်ရီမြိုင်'ဟု ထင်းရှူးသားပေါ် စာတန်းရေးထားသော ခြံကြီး၏ အဝသို့ ရောက်ခဲ့လေပြီ။

'ဆက်ဝင်ပေးရမလား ခင်ဗျ'

မြင်းလှည့်သမားလေးက စေ့ထားသော တံခါးကို ကြည့်ပြီး ပြောလိုက်သည် ။

'နေဦး၊ အိမ်က လှမ်းတောင် မမြင်ရဘူး၊ အဝေးကြီးပဲနော်၊ ဝင်လို့ ရရင် ဝင်ပေးပါလား'

'ဟုတ်ကဲ့ ခင်ဗျ၊ ရပါတယ်'

မြင်းလှည်းသမားလေးက လှည်းပေါ်မှ ဆင်းကာ သော့ခတ်ထားခြင်း မရှိဘဲ စေ့ထားရုံ စေ့ထားသော ခြံဝန်းတံခါးကို အသာ ဖွင့်ကပ်လိုက်သည် ။

‘ဝုတ်… ဝုတ်… ဝုတ်’

ထိုးဟောင်ရင်း ပြေးလာသော အင်းခွေး ညိုညိုထွားထွားကြီးကို လှ ပြုံးရှင် လှမ်းတွေ့လိုက်ရသည် နှင့်…

‘မြင်းလှည်းဆရာလေး၊ လှည်းပေါ် မြန်မြန်တက်’

‘ရပါတယ်ခင်ဗျ၊ ကျွန်တော်တို့ မြင်းလှည်းသမားတွေ အတွက်က ခွေးတွေကို ရိုးနေပါပြီခင်ဗျ’

‘လက်ထဲက ကြိမ်စကြော်ကြောင့် ထင်တယ်’

‘ဟုတ်မယ် ခင်ဗျ’

‘ဝုတ်… ဝုတ်… ဝုတ်’

ခွေးက ဟောင်သာ ဟောင်သည် ။ မြင်းလှည်းနားပင် မကပ်သီဝံ့ချေ ။

သို့သော် ခြံထဲ၌ ပေါင်းမြက် ရှင်းနေဟန်တူသော အသက်(၅၀) ခန့်ရှိ ခပ်ပုပု လူတစ်ယောက်က သူတို့ လှည်းကို လှမ်းကြည့်ရင်း အိမ်ကြီးဆီသို့ လျှောက်သွားသည် ။

အိမ်ကြီးက နံကပ် နှစ်ထပ်တိုက်အိမ်ကြီး ဖြစ်ပြီး အဝါရောင် ဆေးသုတ်ထားသည် ။

အိမ်ထဲမှ ပိန်ပိန်စောက်စောက် မိန်းကလေး တစ်ယောက်လည်း ပြေးထွက် လာလေသည် ။ အိမ်ကြီးရှေ့ ပေါ်တီကို အောက်တွင် မြင်းလှည်းအရပ်၌ …

‘ဘယ်သူနဲ့ တွေ့ချင်လို့ လဲ မိန်းကလေး’

ခပ်ပုပု လူကြီးကလည်း ရောက် လာပြီး မေးခွန်းထုတ် လိုက်လေသ

ည် ။

‘ဆရာမ ဒေါ်ချယ်ရီနဲ့ ပါ’

‘ဆရာမ မရှိဘူး၊ တောင်ကြီး တက်သွားတယ်ရှင့်’

ဟု ပိန်စောက်စောက် မိန်းကလေးက ပြောလိုက်သဖြင့်

‘ရှင်’

လှပြုံးရှင် တောင်ထိပ် ရောက်လာခါမှ ပြုတ်ကျလုလု အနေအထား မျိုးသို့ ရောက်ရှိသွားရလေသည် ။ စိတ်ပျက် အားငယ်မှုက ဝင်ရောက် လာစဉ်…

‘အဝေးဧည့်သည် လား’

လှပြုံးရှင်၏ အနေအထားကို ခပ်ပုပု လူကြီးက အကဲခတ်ရင်း မေးခွ န်းထုတ်လိုက်သည် ။

လှပြုံးရှင်အတွက် ကောက်ရိုးတစ်မျှင်သည် လည်း အားကိုးရာပင် ဖြစ်သည် မို့…

‘ဟုတ်ကဲ့၊ ရန်ကုန်ကပါ၊ ချယ်ရီရဲ့ သူငယ်ချင်း ဆရာမ လှပြုံးရှင်ပါ ဦးလေး’

‘ဒီလိုဆိုရင် ဆရာနဲ့ တွေ့လိုက်ပါ၊ ဆရာ မြင်းစီးပြန်လာတော့မှာ ပါ၊ ဟဲ့ သင်းသင်း ဆရာမကို အိမ်ထဲခေါ်၊ ပစ္စည်းတွေ ကူသယ်ပေးလိုက်ပါ ဦး၊ နင့်အမေကော ဘယ်ရောက်နေသလဲ’

‘ဘုရားဆွမ်းတော် ကပ်နေပါတယ်ရှင့်’

ပြောပြောဆိုဆို သင်းသင်းမည်သော ပိန်ရှည်မလေးက မြင်းလှည်း ပေါ်မှ အိတ်နှင့် ခြင်းတောင်းကို ကူယူယ လိုက်လေသည် ။

လှပြုံးရှင် မြင်းလှည်းခ ရှင်းပေးလိုက်သည် နှင့် မြင်းလှည်းက ပြန်ထွက်သွားလေသည် ။

‘ဆရာမ အိမ်ထဲဝင်ပါ၊ မကြာခင် ဆရာ ရောက်လာတော့မှာ ပါ’

ဆရာဆိုတာ ဘယ်သူပါလိမ့် ဟူသော အတွေးက ခေါင်းထဲသို့ ဝင်ရောက်လာသော်လည်း ခပ်ပုပု လူကြီးက သူ့တာဝန်ပြီးဆုံးသွားသလို ခြံထဲ ပြန်ဆင်းသွားသောကြောင့် လှပြုံးရှင် ဘာမှ ဆက်မမေးဖြစ်တော့။

တစ်ညလုံး အိပ်ပျက်လာသည် ။ ရင်မှ ဝေဒနာကြောင့် ကြေကွဲပွင့်တို့ အခါခါ လိမ့်ဆင်းမှု၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ခံစားနေရသည် ဖြစ်ရာ လူ မှာ နုံးခွေကာ အိပ်ချင်နေလေပြီ။ ခေါင်းကလည်း မူးနောက်နောက် ဖြစ်နေသည် ။

ထိုစဉ် ပိန်ရှည်မလေး သင်းသင်းက ဧည့်ခန်းထဲသို့ ဦးဆောင်ခေါ်ကာ...

‘ထိုင်ပါ ဆရာမ’

လှပြုံးရှင် ဆိုဖာတစ်လုံး၌ ဝင်ထိုင်လိုက်သည် ။ နွမ်းနယ်စိတ်တို့အပြင် အိပ်ပျက် ပင်ပန်းမှုဒဏ်ကြောင့် ပစ်လှဲချချင်စိတ်ပင် ဖြစ်ပေါ်နေသည် ။

‘ခဏနော် ဆရာမ၊ ကျွန်မ ဟင်းအိုးတန်းလန်းနဲ့ မို့လို့ ပါရှင့်၊ တော်ကြာ အမေ ဆင်းလာလိမ့်မယ်’

ခေါင်းက ထိုးကိုက်နေသဖြင့် ဆေးသောက်ရင်း ကောင်းမည်ဟု တွေးကာ ရေနွေးတောင်းရန်ပင် အချိန်မရလိုက်။ ပိန်ရှည်မလေးက လှစ်ခနဲ အိမ်အနောက်ပိုင်းဘက်သို့ ပြေးဝင်သွားလေသည် ။

ချမ်းတုန်လာသဖြင့် အနွေးထည်ကို ကြယ်သီး အစေ့ တပ်လိုက်သည်

။

ကံဆိုးမ,သွားရာ မိုးလိုက်လို့ ရွာသည် ထင့်။ ချယ်ရီမက ရှိမနေ။

ခေါင်းက ထိုးကိုက်ကာ မျက်လုံးက လေးလံလာသည့် အဆုံး၌ ဘာကိုမှ တွေးမနေတော့ဘဲ ဆိုဖာရှည်ကြီးဝယ် လက်ကလေးပိုက်ကာ ကျုံ့ကျုံ့ကလေး လှဲချလိုက်သည် နှင့် တဒင်္ဂအတွင်း အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့သည် ။

***

# အခန်း(၂)

ဒေါက်တာထွဋ်ခေါင် မြင်းဇောင်းထဲ၌ 'တိမ်ပြာ'ကို ထားခဲ့ပြီး အိမ်ဘက်သို့ လျှောက်လာခဲ့စဉ် ဦးပုက သူ့ထံသို့ သုတ်သီးသုတ်ပြာနှင့် လှမ်းလာပြီး...

'ဆရာ အိမ်ကို ဧည့်သည် ရောက်နေတယ်'

'ဟုတ်လား၊ ဘယ်က ဧည့်သည် လဲ'

'ဆရာမ သူငယ်ချင်း၊ ဆရာမ ဘယ်သူ၊ အင်း... နာမည်ကတော့ မမှတ်မိတော့ဘူး'

ဒေါက်တာထွဋ်ခေါင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။

မရွှေစာကတော့ လုပ်ချလိုက်ပြန်ပြီ။ အစ်ကိုဖြစ်သူ အကြောင်းလည်း သိရဲ့ သားနဲ့ ။ မိန်းမဆိုလျှင် ညီမရင်း ဖြစ်နေသည့် သူနှင့် မိဘများ လက်ထက်ကတည်းက ငယ်မွေးခြံပေါက် ဖြစ်သည့် ဦးပုနှင့် ဒေါ်မယ်ငွေတို့ မှ ရှားရှားပါးပါး ပေါက်ဖွား လာပြီး မျက်စိရှေ့ ကြီးပြင်းလာသည့် သင်းသင်း (ခေါ်) မိဖျိုင်းက လွဲရင် ဘယ်မိန်းမမှ အိမ်ထဲ အဝင်ခံသည် မဟုတ်ချေ။

'ခင်ဗျားက ဘာဖြစ်လို့ လက်ခံလိုက်တာလဲ ဦးပု'

'အဖော်မပါဘဲ ခရီးထွက်လာပုံရတယ်၊ ပြီးတော့ ရန်ကုန်က ဆို

တော့ ဘယ်လိုလုပ် လက်မခံဘဲ ထားရက်ပ့ါမလဲ ဆရာရယ်၊ ပြီးတော့ ရပ်က ချောချောလေးနဲ့ ၊ လက်ဝတ်လက်စားတွေလည်း ပါတော့ မသူတော်တွေနဲ့ တွေ့ရင် ဒုက္ခများ သွားမှာ ပေ့ါ ဆရာရယ်၊ ဒါကြောင့် ဆရာပြောလည်း အပြောခံပ့ါမယ်ဆိုပြီး'

'တော်… တော်… ဦးပု၊ ရပြီ'

မိကျောင်းသားနှင့် အမျိုးတော်သော အမည်နှင့် မလိုက်ဖက်သည့် ဦးပုထံမှ စကားဆုံးတော့မည် မဟုတ်ဟု သိထားသည့် ဦးပု စကားမဆုံးမီ လက်ကာ ဟန့်တားလိုက်ပြီး အိမ်ထဲသို့ နီးစပ်ရာ နောက်ပေါက်ဘက်မှ ဝင်ခဲ့ လိုက်လေသည် ။

'ဆရာ… ညွှံ့သည် '

'သိတယ်'

ကလန်ကလားနှင့် မြီးကောင်ပေါက်အရွယ်လေး ဖြစ်သည့် သင်းသင်း (ခေါ်) မိဗျိုင်းကိုလည်း သူ မျက်နှာသာ မပေးချေ။

'ဒေါ်မယ်ကော'

'ဘုရားဆွမ်းတော်ကပ်ရင်း အပေါ်ထပ် သန့်ရှင်းရေး လုပ်နေသလား မသိဘူး၊ ဆင်းမလာသေးဘူး၊ မနက်စာ ပြင်လိုက်ရတော့မလား ဆရာ'

'နေဦး၊ ရေချိုးပြီးမှ စားမယ်၊ ညွှံ့သည် ကော ဘယ်မှာ လဲ'

'ညွှံ့ခန်းထဲမှာ ပါ၊ အဲဒီဆရာမက လှလိုက်တာ၊ ရက်ရက်စက်စက်ပဲ ၊ ကိုရီးယား မင်းသမီးလေး ကျနေတာပဲ၊ အဟီး'

ဒေါက်တာထွဋ်ခေါင် မိဗျိုင်းစကား မဆုံးခင် ထမင်းစားခန်းမှ တစ်ဆင့် ညွှံ့ခန်းဘက်သို့ လျှောက်ခဲ့လိုက်သည် ။

'ဟင်'

ညှော့ခန်း၌ လူတစ်ယောက်မှ မတွေ့ရချေ။ သို့သော် သုံးယောက်ထိုင် ဆိုဖာကြီး၏ အနီး ကြမ်းပြင်ထက်၌ ခြင်းတောင်းလေး တစ်လုံးနှင့် လက်ဆွဲအိတ်တစ်လုံးကို တွေ့လိုက်ရသည် ။ ထို့ကြောင့် သူ ညှော့ခန်းဘက်သို့ တဖြည်းဖြည်း လျှောက်ခဲ့လိုက်သည် နှင့်…

သူ့ရင်ထဲ ဒိန်းကနဲ ဖြစ်သွားရာမှ ဒေါသလည်း ဖြစ်သွားရသည် ။ ဘယ်လို မိန်းမစားလဲ မသိ။ သူများ အိမ်ရှေ့ညှော့ခန်း၌ ပိုင်စိုးပိုင်နင်း အိပ်နေလိုက်တာ။ ဘယ်နနှစ် ဘယ်နှကမ္ဘာလောက်များ အိပ်ရေးပျက်ခဲ့လေသည် မသိ။

သူ ဆိုဖာရှည်အနီးသို့ ခြေလှမ်းကြီးနှင့် လျှောက်သွားကာ

'ဟေ့… ဟေ့… အမျိုးသမီး၊ ထ… ထ'

မိုးထစ်ချုန်းသံနှယ် ဒေါက်တာထွဋ်ခေါင် အသံပြုလိုက်သော်လည်း အမျိုးသမီးက တုတ်တုတ်မျှ မလှုပ်ချေ။

'အမျိုးသမီး'

ဆိုဖာကြီးထက်ဝယ် အဆိပ်သင့် ပန်းသီးကို စားမိသဖြင့် မေ့မျောနေသော စနိုးဝှိုက် မင်းသမီးလေးပမာ လှလှပပ နွဲ့နွဲ့နှောင်းနှောင်းနှင့် ကွေးကွေးလေး အိပ်နေသည် မှာ တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် ရှိနေပုံရသည် ။

သို့သော် သာမန်နှင့် မတူသော သူ့မျက်လုံးက ဆရာဝန် မျက်လုံးပီပီ မြင်မြင်သမျှ လူနာဟု မြင်နေသောကြောင့်လား မသိ။

'ဟင်… ဒေါ်မယ်… မိဗျိုင်း… လာဦး'

ဒေါက်တာထွန်းခေါင်၏ အသံ မိုးကြိုးလိုင်းကြောင့်ထင့်။ အမျိုးသမီးက 'အင်း အင်း အင်း'ဟု ညည်းညူသံနှင့် အတူ လူးလွန့်လာသည် ။ သို့သော် မျက်ခွံတံခါးက မေးတေးတေးလေး တွန်းဖွင့်ကြည့်ပြီး ပြန်လည် မှေးမှိတ်သွားလေတော့သည် ။

ဒုက္ခပါပဲ။ အခုမှ တကယ့်ကို ဘုန်းကြီးအမူ ရှာပတ်လေပြီ။ ချယ်ရီမတို့ ပေးလိုက်သည့်ဒုက္ခက သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေလေပြီ။

'ဘာလဲ ဘာလဲ ကိုထွန်း'

သူ့ကို ကိုထွန်းဟု ခေါ်သည် မှာ ဒေါ်မယ် တစ်ယောက်တည်း ရှိသည် ။ ဒေါ်မယ်သည် သူ အမိဝမ်းမှ ကျွတ်ကတည်းက သူ၏ ချေးကလူ သေးကလူ ပြုစုစောင့်ရှောက်ပေးလာသူ ဖြစ်သဖြင့် အဒေါ်အရင်းကဲ့သို့ တရင်းတနှီး ရှိလေသည် ။

'ဒီမှာ ကြည့်ပါဦး'

'ဟဲ့ေဒါ် လှလိုက်တာ၊ မင်း ဘယ်က ခေါ်လာတာလဲ'

'ဟဲ့ေဒါ် ရှင်းစမ်း မိဗျိုင်း'

'အဟိ ဒီလို အမေ၊ ဆရာမ သူငယ်ချင်း'

'ဒီလို အမေ အသာထား၊ ဒေါ်မယ် သူ့နဖူးကို စမ်းကြည့်လိုက်ပါဦး ဖျားနေပုံရတယ်'

'အင်းအင်း'

ဒေါ်မယ်ငွေက အသာအယာပင် အမျိုးသမီး၏ နဖူးကို စမ်းကြည့်လိုက်သည် ။

‘အမေ့… ပူခြစ်နေတာပဲ ကိုထွဋ်ရဲ့ ’

‘ကိုင်း မိဖျိုင်း၊ ရေခဲရေ ဇလုံနဲ့ မျက်နှာသုတ်ပဝါ ခပ်သေးသေးတစ်ထည် သွားယူခဲ့၊ ဒေါ်မယ် ရေပတ်တိုက်ပေးလိုက်ပါ’

‘အေး… အေး၊ ဘယ်က ဘယ်လိုရောက်… မြင်ဖူးသလိုလိုပဲ၊ သိပြီ သိပြီ၊ ချယ်ရီ့ အယ်လ်ဘမ်ထဲမှာ မြင်ဖူးတာ၊ ဓာတ်ပုံထဲထက် အပြင်မှာ ပိုလှတာပဲ’

မင်းသား မင်းသမီးများကို ဆိုလျှင် သူတကာထက် မှတ်မိလွယ်သော ဒေါ်မယ်ငွေ့စကားကို သူ ယုံကြည်လိုက်သည် ။

ဝတ်ထားသော လက်ဝတ်လက်စားနှင့် အဝတ်အစားကို ကြည့်ကာ အထက်တန်းလွှာမှ ပေါက်ဖွားလာသော အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း သိသာလှသည် ။

အထက်တန်းလွှာဖြစ်ဖြစ်၊ အောက်တန်းလွှာဖြစ်ဖြစ် လောလောဆယ်တော့ သူ့လူနာ ဖြစ်နေလေပြီ။ လူနာဆိုလျှင် ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး၊ ချစ်သူ၊ မုန်းသူ ခွဲခြားမနေတတ်ဘဲ စိတ်ရောကိုယ်ပါ နှစ်မြှုပ် ကုပေးတတ်သည် က သူတို့ ဆရာဝန်တွေ၏ အကျင့်စရိုက် ဖြစ်သည် ။

ချက်ချင်းပင် နဖူးပေါ် လက်တင်ကာ စမ်းသပ်လိုက်သည် ။ ကိုယ်အပူရှိန် မသေးလှကြောင်း သိလိုက်ရသည် . ခြေလှမ်းကျဲကြီးနှင့် လျှောက်သွားပြီး ဆေးဘီရိုထဲမှ ဆေးကို ထုတ်ယူ လာပြီး ဒေါ်မယ်ငွေ လက်ထဲသို့ အပ်လိုက်သည် ။

‘နည်းနည်း ခေါင်းထူနိုင်တာနဲ့ ဒီဆေးကို အိုဗာတင်း နွေးနွေးလေးနဲ့ တိုက်လိုက်’

'အင်း… အင်း'

'ရေပတ်က အပူကျသွားရင် ရပ်ထားလိုက်နော်'

'ဒေါ်မယ် သိပါတယ် ကိုထွဋ်ရယ်'

'ဩော်… စောင်ပါးလေးတစ်ထည်လောက် ခြုံထားပေးလိုက်ဦး'

'အေး… အေး'

ဒေါက်တာထွဋ်ခေါင် အနေဖြင့် သူ့အိမ်သို့ ယခုလို သူစိမ်းအမျိုးသမီး တစ်ဦး ရောက်လာခြင်းအတွက် လုံး၀ မနှစ်မြို့နိုင်သော်လည်း လူနာဖြစ်နေလေသည့်အတွက် ထိုအမျိုးသမီး များ စွာ ကံကောင်းသွားခြင်း ဖြစ်လေသည် ။ လူနာဆိုတော့ ဆရာ၀န်တစ်ဦးအနေနှင့် ဥပေက္ခာ မပြုထားနိုင်ချေ။

မြင်းစီးထားသဖြင့် စိုနေသော ချွေးများကို သုတ်ရင်း အပေါ်ထပ်သို့ ပြေးတက်ခဲ့ပြီး ရေအမြန်ချိုးလိုက်သည် ။

ပြီးသည် နှင့် တယ်လီဖုန်းစင် ရှိရာသို့ အလျင်စလို လျှောက်သွားပြီး တောင်ကြီးသို့ ဖုန်းခေါ်လိုက်ရသည် ။

မိဘနှစ်ပါး အိမ်သို့ ကျောင်းပိတ်ရက်တိုင်း သွားနေကျဖြစ်သည့် ညီမချယ်ရီကို ဆူပူရန်လည်း အားယူထားလိုက်သည် ။ သို့သော် ဖုန်းလက်ခံထူးသူမှာ …

'ဟယ်လို'

မိခင်အသံ ဖြစ်နေသဖြင့်…

'မေမေ… သားပါ'

'အေး… သားပြော'

‘ခွေးမလေး ရှိလား မေမေ’

‘ဘယ်ခွေးမလေးလဲ၊ ဂျူလီယာလား၊ ဒေလီယာလား၊ ဟင်းဟင်း’

မိခင်ကလည်း သူ ဘယ်သူ့ကို မေးမှန်း သိသိကြီးနှင့် မသိဟန်ဆောင်ကာ ရယ်ရင်း မေးလိုက်သည်။

‘မေမေကလဲ မိချယ်ရီပေါ့၊ ဘယ်မှာ လဲ မေမေ’

‘သားဖေဖေနဲ့ ရန်ကုန်လိုက်သွားတယ်’

‘ဗုဒ္ဓေါ’

ဒေါက်တာထွဋ်ခေါင် ဘုရားတ,လိုက်မိလေသည်။

‘ဘာဖြစ်လို့ လဲ သား၊ ညီမလေးကို လွမ်းပြီလား’

‘လွမ်းလို့ မဟုတ်ဘူး မေမေ၊ ဒီမှာ သူ့အမှိုက်ထုပ် အိမ်ပေါ်ရောက်နေလို့ ’

‘ဘာအမှိုက်လဲ၊ မိဖျိုင်းကို ရှင်းခိုင်းလိုက်ပေါ့ သားရဲ့ ’

‘အမှိုက်က လူအမှိုက် ဖြစ်နေလို့ မေမေ၊ ရန်ကုန်က သူ့သူငယ်ချင်းတဲ့ ’

‘ဘယ်သူများ ပါလိမ့်ကွယ်’

‘ဘယ်သူလဲဆိုတာ မသိသေးဘူး၊ ဖျား လာပြီး မှိန်းနေလို့ ၊ ဆရာမလို့ ပြောတာပဲ’

‘ဘုရားရေ’

ဒီတစ်ခါ ဘုရားတ,လိုက်သူမှာ မိခင် ဖြစ်နေလေသည်။

‘ညီမလေးက ကြာမှာ လား’

'သားဖေဖေ အလုပ်ကိစ္စနဲ့ ပဲ သွားတာဆိုတော့ ဖေဖေပြန်လာရင် ပြန်လာလိမ့်မယ်၊ ဒီလိုလုပ် သားကပဲ ညီမလေး သူငယ်ချင်းကို ညီမလေးကိုယ်စား စောင့်ရှောက်ထားလိုက်ပေါ့'

'ဟာ မေမေကလဲ'

'မေမေလည်း အိမ်ပစ်ပြီး လာခဲ့လို့ မှ မရတာ၊ ရရင် လာခဲ့ပေးမယ်'

'သားအကြောင်းလည်း သိသားနဲ့ မေမေရာ'

'သား မပတ်သက်ချင်လည်း မမယ် လက်ထဲသာ အပ်ထားလိုက်ပေါ့၊ သားညီမဆီ ဖုန်းလှမ်းဆက်ပြီး ပြော လိုက်လေ၊ ဒါထက် ဩွ့သည် က ဘယ်ကလဲ၊ နာမည်လေး သိရင်ဖြစ်ဖြစ် မေမေ့ဆီ ဖုန်းပြန်ဆက်နော်'

ဒေါက်တာထွဋ်ခေါင် စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားရလေသည် ။ ဖုန်းချလိုက်စဉ်...

'ဆရာ ဆရာ'

မိဖျိုင်းက အပေါ်ထပ် ပြေးတက်လာရင်း အမောတကော ခေါ်လေသည် ။

'ဘာလဲ မိဖျိုင်း'

'သတိရပြီ၊ ဩွ့သည် မမ သတိရ လာပြီ'

'အင်း... အိုဗာတင်း ဖျော်ပြီး ဆေးတိုက်ထား လိုက်လေ'

ပြောပြီးသား စကားကို ထပ်ပြောနေရပြန်ပြီမို့ စိတ်မရှည်ချင်။ သို့သော် ချယ်ရီမ သူငယ်ချင်း ဘယ်သူဘယ်ဝါ ဘယ်က ဆိုတာတော့ သိဖို့ လိုအပ်သည် ။

နောက် ကျန်းမာရေးအခြေအနေကို သူ မစမ်းသပ်ရသေးသဖြင့်

အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့လိုက်သည်။

ညော့သည် မိန်းမချောက လက်ကလေး ပိုက်ကာ ထိုင်နေရင်းက မျက်ရည်များက တလိမ့်လိမ့် ဆင်းနေလေသည်။

ဒါပဲ... မိန်းမသားတွေက သူတို့ ၏ အားနွဲ့မှုပေါ် အခွင့်ကောင်းယူကာ ယောကျ်ားတွေကို လှည့်ဖြား အနိုင်ယူတတ်သည်။

ဒီမျက်ရည်လက်နက်တွေနဲ့ ပဲ ယောကျ်ားတွေရဲ့ ဘဝကို နလန်မထူနိုင်အောင် လုပ်နိုင်စွမ်း ရှိလေသည်။

ဒေါက်တာထွဋ်ခေါင် ရင်မှာ မကျေမနပ် ဖြစ်မိသော်လည်း ညီမလေး၏ ညော့သည် အထက်တန်းပြ ဆရာမ တစ်ယောက်ဟူသော ထောက်ထားစရာ ဂုဏ်သိက္ခာကြောင့်...

'ဆရာမ ဒါ ချယ်ရီ့အစ်ကို ဒေါက်တာထွဋ်ခေါင်ပါ'

ဒေါ်မယ်ငွေက ခေတ်မီစွာပင် သူတို့ နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မ ချယ်ရီ့သူငယ်ချင်း လှပြုံးရှင်ပါ'

နွမ်းရော်နေသည့်ကြားက ပြုံးပြလိုက်ရင်း သူ့ကိုယ်သူ မိတ်ဆက်သည်။

တိမ်ညိုကြားက လမင်းတစ်စင်း ထွန်းလင်းသည့်နှယ် အေးမြသော ကြည်နူးမှုကို ပေးဆောင်နိုင်စွမ်း ရှိသည့် အလှပိုင်ရှင်ပေပဲဟု ဒေါက်တာထွဋ်ခေါင် ရင်ထဲ တိတ်တခိုး မှတ်ချက်ချရင်း...

'နေသာရဲ့ လား၊ ချယ်ရီတော့ ရန်ကုန်ဆင်းသွားတယ်'

'ဟင်'

အားကိုးရာမဲ့သွားသူပမာ အားငယ်စိတ်ဖြင့် မျက်နှာလေး ပျက်ယွင်းသွားရှာသည် ။

'ဒါပေမဲ့ နေပါ၊ ကျွန်တော် ဖုန်းဆက်ပေးမယ်၊ မေမေလည်း အချိန်ရရင် တောင်ကြီးက ဆင်း လာပြီး ခင်ဗျားကို လာတွေ့လိမ့်မယ်'

'ဟုတ်... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ'

စီးကျလာသော မျက်ရည်များကို သုတ်ကာ အားကိုးတကြီး ကြည့်လာသော မျက်ဝန်းအစုံ၏ လင်းလက်မှုကြောင့် ဒေါက်တာထွဋ်ခေါင်ရင်ထဲ မြင်းရိုင်းတစ်ကောင် ကဆုန်ပေါက် ကကြိုးဆင်သည့်နှယ် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရလေသည် ။

'ခင်ဗျားမှာ အစာအိမ်ရောဂါ ရှိလား'

'မရှိပါဘူး'

'ဒါဖြင့် ကျွန်တော် ဒေါ်မယ်ကို ဆေးပေးခဲ့မယ်၊ နေ့လည်စာ စားပြီး တစ်ကြိမ် ထပ်သောက်လိုက်၊ ဒေါ်မယ် ညှော့သည် ကို လောလောဆယ်တော့ ချယ်ရီ့အခန်းမှာ ပဲ နေရာချပေးထားလိုက်ပါ'

'အေးအေး'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ'

'ရပါတယ်'

ပြောပြောဆိုဆို သူ ထမင်းစားခန်းဘက် ထွက်ခဲ့ရာ ယောင်တောင်ပေါင်တောင်နှင့် ညှော့ခန်းတွင် ရပ်ကြည့်နေသော မိဖျိုင်းမှာ ကပျာကသီနှင့် ထမင်းစားခန်းသို့ ဦးအောင် ပြေးသွားပြီး ပြင်ဆင်ရလေတော့သည် ။

ဒေါက်တာထွဋ်ခေါင် သိပ်မပြောချင်သဖြင့် မိဗျိုင်း နံနက်စာ ပြင်မပြီးခင် ဧည့်သည် အတွက် နေ့ခင်းစာ ဆေးစပ်ကာ ဆေးဗူးလေးထဲထည့်ထားပေးရင်း မိဗျိုင်းအား မှာ ကြားလိုက်သည် ။

'ဒေါ်မယ်ကို ဒီဆေး ပေးလိုက်၊ ဧည့်သည် ကို ဆန်ပြုတ်နဲ့ ကြက်စွပ်ပြုတ် လုပ်တိုက်လိုက်၊ နေ့ခင်း တစ်နာရီကို ဒီဆေးတိုက်ဖို့ ပြောနော်၊ မမေ့နဲ့ '

'ဟုတ်ကဲ့ရှင့်'

'ကိုင်း... သွား၊ လိုအပ်တာရှိ သွားဝိုင်းလုပ်ပေးလိုက်ဦး'

'ဟုတ်ကဲ့ရှင့်'

မိဗျိုင်း ထမင်းစားခန်းထဲက ထွက်သွားမှ ဒေါက်တာထွဋ်ခေါင် နံနက်စာကို အေးအေးလူလူ စားသောက်လိုက်သည် ။

ဆေးရုံသို့ ကိုးနာရီ ဂျူတီချိန် ဝင်ဖို့ လိုအပ်သေးသည် ။

စားသောက်အပြီးတွင် ရန်ကုန်တိုက်ခန်းသို့ ဖုန်းခေါ်လိုက်သည် ။ ဖုန်းက ခေါ်သော်လည်း ကိုင်မယ့်သူ မရှိသဖြင့် ဒေါက်တာထွဋ်ခေါင် လက်လျှော့လိုက်ပြီး ဆေးရုံသို့ ထွက်ခဲ့လေတော့သည် ။

***

# အခန်း(၃)

လှပြုံးရှင် အိပ်ယာမှ နိုးထလာချိန်တွင် ခေါင်းမှာ အတော်ကြည်လင် လန်းဆန်းလာသည် ။ ကိုယ်လက် သန့်စင်ပြီး ချွေးဝတ်အင်္ကျီများကို လဲလှယ်ပြီးချိန်တွင် မွန်းလွဲ တစ်နာရီ ထိုးလုလုပင် ဖြစ်နေလေပြီ။

'ဟော... ဆရာမ နိုးပြီလား'

'ဟုတ်ကဲ့ ဒေါ်ဒေါ်'

အငွေ့တထောင်းထောင်း ထနေသော ကြက်စွပ်ပြုတ် ပန်းကန်နှင့် ကော်ဖီထည့်ထားသော ဘန်းကို ကိုင်ကာ ဝင်ရောက်လာသည့် ဒေါ်မယ်ငွေကို တွေ့လိုက်ရ၍ လှပြုံးရှင် ပြုံးပြရင်း အမေးကို ဖြေလိုက်သည် ။ တစ်ဆက်တည်းမှာ ပင်...

'ကျွန်မ နေကောင်းပါပြီ ဒေါ်ဒေါ်၊ အောက်မှာ ပဲ ဆင်းပြီးစားပါ့မယ်'

'နောက်မှ ဆင်းပါ၊ ယူ လာပြီးလက်စနဲ့ သောက်လိုက်ပါ ဆရာမ၊ ပြီးမှ ပဲ ချယ်ရီဆီ ဖုန်းခေါ်ပြီး စကားပြောကြပေါ့'

'ချယ်ရီ ဖုန်းဆက်ပြီလား'

လှပြုံးရှင် အားတက်သွားရသည် ။ ဒဏ်ရာရလာသည့် သူ့အတွက် ခဲရာခဲဆစ် တက် လာပြီး အမြင့်တစ်နေရာ ရောက်ပြီးကာမှ ပြုတ်ကျလု

ဆဲဆဲ ဖြစ်နေရသည့် အနေအထားမှ သစ်ကိုင်းတစ်ခက်ကို ဆုပ်ကိုင်လိုက်မိသည့်ပမာ ဝမ်းမြောက်ဝမ်းသာ ခံစားလိုက်ရသည်။

'ဟုတ်ပါတယ် ဆရာမ၊ သူ့အစ်ကိုကော အမေကောက ဖုန်းဆက်ပြီး သတင်းပေးလို့ ချယ်ရီက ဆရာမ ရောက်နေမှန်း သိသွားပြီ၊ ဒါကြောင့် ဆရာမ နိုးရင် သူ့ကို ဖုန်းပြန်ဆက်ဖို့ ပြောထားတယ်'

'ဒါဖြင့် ဖုန်းဘယ်မှာ လဲ၊ ခုပဲ ဆက်လိုက်မယ်လေ'

'စွပ်ပြုတ်ကလေးနဲ့ ဆေးသောက်ပြီးမှ ဖုန်းဆက်ပါ ဆရာလေးရယ်၊ ကိုထွဋ်က သူပြောတဲ့ အတိုင်း မလုပ်ရင် သိပ်စိတ်ဆိုးတတ်တယ်'

'ဟုတ်ကဲ့၊ ဒါဖြင့်လည်း ပြုး နောက်မှ ပဲ ဖုန်းဆက်ပါတော့မယ်'

လှပြုံးရှင် ဒေါ်မယ်ငွေ ယူလာပေးသော စွပ်ပြုတ်၊ ကော်ဖီနှင့် ဆေးကို သောက်လိုက်သည်။

ထိုကာလတွင် ဒေါ်မယ်ငွေထံမှ ဒေါက်တာထွဋ်ခေါင်နှင့် ချယ်ရီတို့ မောင်နှမနှစ်ယောက်က ကလောမှာ ပင် တာဝန်ကျသဖြင့် နေကြပြီး မိဘများကတော့ တောင်ကြီးမှာ ပင် နေထိုင်ကြသည်။ မိခင်က ကလောဇာတိ ဖြစ်ပြီး ဤချယ်ရီမြိုင် အိမ်ကြီးမှာ မိခင်ဘက်က ဘိုးဘွားအမွေအနှစ် ခြံကြီးဖြစ်သည်။ ဖခင်က တောင်ကြီးဇာတိဖြစ်ပြီး တောင်ကြီးမှာ ပင် ပွဲရုံများ ရှိသဖြင့် တောင်ကြီး၌ပင် မိဘနှစ်ပါးက နေထိုင်ကြသည် ဟု သိရသည်။

ဘီအီးဒီ တစ်နှစ်သင်တန်း တက်စဉ်ကလည်း အလုပ်ခွင်သင်တန်း ဖြစ်၍ တစ်နှစ်တာသာ ဆုံစည်းကြသည်။ စာနှင့် နပမ်းလုံးနေရသဖြင့် မိသားစုအရေးကိုပင် အသေးစိတ် ပြောချိန် မရခဲ့ကြ။

နှစ်ကုန်တော့ လိပ်စာတွေ ဖလှယ်ကာ ခွဲခွာခဲ့ကြသည်။

ယခု သူ စွတ်ရွတ်ကာ ချယ်ရီဆီ လိုက်လာခဲ့ခြင်းက စွန့်စားလွန်းရာ ကျပေသည် ။ ဝေဒနာကို ထွက်ပေါက်မှ မပေးလျှင်ကလည်း မဖြစ်။ ဂုဏ်သိက္ခာပိုင်းပါ ထိခိုက်လာနိုင်မည် ဖြစ်သည် ။

နှလုံးသား ဝေဒနာကို အချိန်ဟူသော တရားသူကြီးက ကုစားသွား လိမ့်မည်ဟု ယုံကြည်မျှော်လင့်ချက်နှင့်အတူ စွန့်စွန့်စားစား တစ်ကိုယ်တော် ခရီးထွက်ခဲ့ခြင်း ဖြစ်သည် ။ သို့ဖြစ်ပါကာမှ ဖျားရတယ် လို့ ။

'ကိုင်း ဒေါ်ဒေါ် အစာလည်း ကုန်ပြီ၊ ဆေးလည်း သောက်ပြီးပြီ၊ ကျွန် မ ဖုန်း ဘယ်မှာ ဆက်ရမလဲ'

'အပေါ်ထပ် ဧည့်ခန်းမှာ ပဲ ဆက်ပါ၊ လာ ဒေါ်မယ် ပြပေးမယ်'

ဒေါ်မယ်ငွေနှင့် ဦးပုမှာ လင်မယား ဖြစ်ပြီး သင်းသင်း (ခေါ်) မိဗျိုင်း မှာ သူတို့ ၏ သမီးဖြစ်သည် ဟု သိလိုက်ရသည် ။

'ရန်ကုန်မှာ တိုက်ခန်း ဝယ်လိုက်တာကလည်း တစ်နှစ်ပဲ ရှိသေးတာ လေ'

ဒေါ်မယ်ငွေဆီမှ ရသော ဖုန်းနံပါတ်နှင့် ချယ်ရီထံသို့ ဖုန်းခေါ်လိုက် သည် ။

'ဟယ်လို'

'ချယ်ရီ'

'ပြုံးလား'

'ဟုတ်တယ်'

'ဆောရီး သူငယ်ချင်းရယ်၊ မင်း လာမယ်မှန်း မသိလို့ ကိုယ် ခရီး

ထွက်မိတာ’

‘ကိုယ်ကသာ တောင်းပန်ရမှာ ပါ ချယ်ရီရယ်၊ ပြုံးမှ ကြိုမပြောဘဲ ရောက်ချလာတာကိုး၊ မင်းရဲ့ မိသားစုတွေကို အနှောင့်အယှက် ပေးသလို ဖြစ်သွားတာကို ပြုံးက တောင်းပန်ရမှာ ပါ’

‘ကဲပါ၊ မင်း ဘယ်မှ မသွားနဲ့ ၊ ကိုယ် နှစ်ရက်သုံးရက်လောက် နေရင် ပြန်ရောက်လာမှာ ၊ ဒေါ်မယ်ငွေတို့ သားအမိကိုလည်း ဂရုစိုက်ဖို့ ပြောထားတယ်၊ လိုအပ်တာ ရှိရင် ဒေါ်မယ်ကိုသာ ပြော’

‘ကိုယ် အားနာလို့ ဟိုတယ်ကို ပြောင်းနေမလားလို့ စိတ်ကူးတာ၊ တစ်ယောက်တည်း ဖြစ်နေတော့ စိတ်ချရတဲ့ ဟိုတယ်ကို’

‘တော်စမ်း မိပြုံး၊ ယူ အဲဒီလို စိမ်းကားတဲ့ စကား ပြောရင် သူငယ်ချင်းအဖြစ်ကနေ ရာသက်ပန် ပြတ်စဲလိုက်တော့မယ်နော်၊ အိမ်မှာ ပဲ နေ၊ မေမေ မနက်ဖြန် လာလိမ့်မယ်’

လှပြုံးရှင် မချိပြုံး ပြုံးမိလိုက်သည် ။

‘ဒါထက် ရှင်က ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ကျွန်တော်မျိုးမဆီ ဖြုန်းစားကြီး ရောက်လာတာ အကြောင်းတစ်ခုတော့ ရှိမယ် မှတ်လား’

ချယ်ရီ၏ မသ်ကာ စကားကြောင့် လှပြုံးရှင်က ကမန်းကတန်း ဝန်ခံလိုက်ရင်း…

‘ဟုတ်တယ်၊ ချယ် လာမှ ပြုံး ပြောပြမယ်၊ ပြုံးအိမ်ကို ဒီမှာ ရှိကြောင်း လုံးဝအသိမပေးလိုက်နဲ့ နော်’

‘အေးပါ၊ အကျိုးအကြောင်း မသိခင်တော့ ကိုယ် ဘာမှ မလှုပ်ရှားသေးဘူး၊ ကိုင်း… ရွှေယောင်းမရေ၊ ကိုယ့်အစ်ကို့ကိုတော့ နည်းနည်း သည်းခံပေးပါကွာ၊ လူတိုင်းလူတိုင်းမှာ ကိုယ်စီကိုယ်ငှ ပြဿနာကိုယ်စီ ရှိ

ကြတာပဲလေ၊ လာတော့ ပြောပြပ့ါမယ်၊ ကိုယ့်အစ်ကိုက ဆရာဝန်တစ်ယောက် အနေနဲ့ တော့ သူ့ရင်ထဲမှာ အကြင်နာ ရှိပြီးသားပါကွာ'

'ကဲပါ ချယ်ရီမရယ်၊ မင်း ပြန်မလာကို ကိုယ် ဘယ်မှ မသွားဘဲ အဆင်ပြေအောင် နေထိုင်ရင်း စောင့်နေပ့ါမယ်'

'ချယ်လည်း ညတိုင်း ဖုန်းဆက်ပ့ါမယ်၊ နေ့ခင်းဘက်တော့ မအားဘူး ၊ ဖေဖေ့ကို ကားလိုက်မောင်းပို့နေရသေးတယ်'

'အင်းပါ၊ ခုလို အဆင်ပြေပြေ နေခွင့်ရတာကိုပဲ ချယ်နဲ့ ချယ့်မိသားစုကို ကျေးဇူးတင်နေရပါပြီ'

'လာပြန်ပြီ သူ့စိမ်းစကား၊ ဒါပဲနော် ပြုံး၊ မင်း နေကောင်းအောင်နေ၊ ချယ်လာရင် ပြောစရာ စကားတွေ အများကြီးယူခဲ့မယ်'

'အင်းပါ၊ ချယ်ရီ ပြန်အလာကို ပြုံး မျှော်နေရမှာ ပေ့ါ'

လှပြုံးရှင် စကားအဆုံး၌ သူငယ်ချင်းနှစ်ယောက် ဖုန်းဆက်ခြင်းကို ရပ်နားလိုက်ကြသည် ။

လှပြုံးရှင် ရင်ထဲ၌ အနည်းငယ်တော့ စိတ်သက်သာရာ ရသွားသည် ။

'ဒီမှာ လေ၊ ဆရာမတို့ ဓာတ်ပုံတွေ'

ဘီအီးဒီ တစ်နှစ်သင်တန်း တက်စဉ်က ချယ်ရီနှင့်သူ တွဲလျက် လည်းကောင်း၊ အုပ်စုလိုက် လည်းကောင်း ရိုက်ထားသော ပုံများကို ဒေါ်မယ်ငွေက ပြရင်း…

'ဆရာမကို ချောလို့ ကျွန်မက မှတ်မိနေတာ၊ ကိုထွဋ်ကိုတောင် ထုတ်ပြလိုက်ရသေးတယ်'

‘ဒေါက်တာက ကျွန်မ နေမှာ ကို မနှစ်သက်သလိုပဲနော် ဒေါ်ဒေါ်’

‘သူက ဒီလိုပါပဲ၊ သူ့အမေကလွဲရင် ဘယ်မိန်းမကိုမှ အကောင်းမြင်တာ မဟုတ်ဘူး ၊ သူ့ညီမနဲ့ လည်း တကျက်ကျက်ပဲ၊ ကိုင်း ဆရာမ နားနားနေနေ နေပါ၊ ကျွန်မ အောက် ခဏဆင်းလိုက်ဦးမယ်နော်’

‘ဟုတ်ကဲ့… ဟုတ်ကဲ့၊ ဆင်းပါ’

‘ဩော်… ဆရာမ ဘာများ လိုအပ်သေးသလဲ’

‘ဘာမှ မလိုအပ်ပါဘူး ဒေါ်ဒေါ်၊ ကျေးဇူးတင်ပါတယ်’

ဒေါ်မယ်ငွေ အောက်ထပ်သို့ ဆင်းသွားလေသည် နှင့် ဖျားနာခြင်းအောက်၌ ခေတ္တခဏ တိမ်မြုပ်နေသော ဝေဒနာ ဆူးညှောင့်က ခေါင်းပြူကာ ထလာပြန်ချေပြီ။

သို့သော် လောလောဆယ်တော့ အဖျားအရှိန်ကြောင့် လူမှာ နုံးခွေနေချင်သေးသဖြင့် မိမိအား ပေးနေသော ချယ်ရီ၏ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ လိုက်လေသည် ။

အတွေးချင်ပါသော်လည်း …

အိပ်ယာနှင့် ကျောပြင် ထိတွေ့ခွင့်ရသွားသည် နှင့် တပြိုင်နက် ဆိုသလို အတွေးက ဝဲပြန့်ကာ အတိတ်လွင်ပြင်သို့ နောက်ပြန်ဆုတ်သွားလေတော့သည် ။

***